# ကျောင်းစရိတ်ပေးသွင်းခြင်းနှင့် ပြန်အမ်းငွေမူဝါဒ

## ကျောင်းစရိတ်ပေးသွင်းခြင်း

- ကျောင်းစရိတ်အား သတ်မှတ်ထားသော နေ့စွဲမတိုင်ခင် ဖော်ပြပါဘဏ်စာရင်းထံသို့ ပေးသွင်းရန်။
- သတ်မှတ်ထားသည့် နေ့စွဲမတိုင်ခင် ကျောင်းစရိတ်အား ပေးပို့ခြင်း (သို့မဟုတ်) လက်ခံရရှိခြင်းမရှိပါက မိမိ၏အမည်စာရင်းမှာ ပယ်ဖျက်ခံရနိုင်ပါသည်။
- ကျောင်းစရိတ်ပေးသွင်းရန်ရွှေ့ဆိုင်းခြင်းအား လက်မခံပါ။

## ကျောင်းစရိတ်ငွေပြန်အမ်းခြင်း

ငွေပေးချေခြင်းပြီးဆုံးပါက ပြန်အမ်းငွေမရရှိနိုင်ပါ။ သို့ရာတွင် အောက်ပါအမှတ်စဉ်အနက် တစ်စုံတစ်ခုနှင့် ကိုက်ညီပါက ကာယကံရှင်မှ လျှောက်လွှာတင်၍ သတ်မှတ်ထားသော လုပ်ငန်းစဉ်များ ပြီးဆုံးပါက ပြန်အမ်းငွေရရှိနိုင်ပါသည်။

၁။ ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားခြင်း ငြင်းပယ်ခံရသူ
ပြန်အမ်းငွေလျှောက်ထားရာတွင် ကျောင်းဝင်ခွင့်လက်မှတ်၊ ပြန်အမ်းငွေတောင်းခံလွှာ၊ နိုင်ငံကူးလက်မှတ် စသည်အား ကျောင်းသို့ တင်ပြနိုင်သူ

၂။ ကျောင်းဝင်ခွင့်အခမ်းအနားမတိုင်မီ ဖျက်သိမ်းခြင်း
ဂျပန်နိုင်ငံတွင်းမဝင်ရောက်မီကာလအတွင်းဖြစ်ရမည်။ လိုအပ်သောစာရွက်စာတမ်းများဖြစ်သည့် ဂျပန်နိုင်ငံအတွင်းနေထိုင်ခွင့် အသိအမှတ်ပြုလွှာ (COE) သို့မဟုတ် နိုင်ငံဝင်ခွင့်ပယ်ဖျက်ခြင်းအားရိုက်နှိပ်ထားသော နိုင်ငံကူးလက်မှတ် မိတ္တူ၊ ကျောင်းဝင်ခွင့်လက်မှတ်၊ ဖျက်သိမ်းရသည့် အကြောင်းအရင်း၊ ပြန်အမ်းငွေတောင်းခံလွှာ စသည်အား ကျောင်းသို့တင်ပြနိုင်သူ

၃။ ဒုတိယနှစ်ဝက်ကျောင်းစရိတ်အား ပေးသွင်းပြီးသူအနက်မှ ကျောင်းဝင်ခွင့်ရရှိခြင်း စသည်ဖြင့် ဒုတိယနှစ်ဝက်သင်တန်းများ မစတင်မီ အတန်းမှ နှုတ်ထွက်လိုသူ
ငွေပေးချေရာတွင် လိုအပ်သော စာရွက်စာတမ်းများဖြစ်သည့် ကျောင်းသားလက်မှတ်၊ ပြန်အမ်းငွေတောင်းခံလွှာ၊ တက္ကသိုလ်ဝင်ခွင့်အသိအမှတ်ပြုလွှာ အစရှိသည်အား ကျောင်းသို့တင်ပြနိုင်သူသာလျှင် ဒုတိယနှစ်ဝက်သင်တန်းစရိတ်၏ ပြန်အမ်းငွေအားရရှိနိုင်ပါသည်။